# ဝတ္ထုတိုသဘောတရားဝတ္ထုတိုအတတ်ပညာ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မအေးမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊အောက်တိုဘာလ

## ကျမ်းအကျဉ်းချုပ်

ကျမ်းအမည်သည် "ဝတ္ထုတိုသဘောတရား ဝတ္ထုတိုအတတ်ပညာ" ဖြစ်ပါသည်။ ဤကျမ်းပြုစုရခြင်း ရည်ရွယ်ချက်မှာ "အနုပညာရသခံစားခြင်းနှင့် အသိအမြင်သုတတိုးပွားခြင်းတို့ကို တစ်ပြိုင်တည်း ပေးနိုင်သော "ဝတ္ထုတို"၏ သဘောနှင့် ရေးဖွဲ့ပုံကို ဖော်ထုတ်လိုခြင်းဖြစ်ပါသည်။ မြန်မာဝတ္ထုတိုခေတ်ဦးမှ မျက်မှောက်ခေတ်အထိ ရေးဖွဲ့ခဲ့ကြသော ဝတ္ထုတိုများ၏သဘောသဘာဝ၊ ရွေးချယ်သည့် အကြောင်းအရာ၊ ထားရှိသည့် အာဘော်၊ ရေးဖွဲ့သည့်အတတ်ပညာများကို လေ့လာခဲ့ပါသည်။ "ဝတ္ထုတိုဟူသည်" ဟု အဓိပ္ပာယ်ဖွင့်ဆို၍ရအောင် ဝတ္ထုတိုနှင့်ပတ်သက်သော သဘောတရား၊ အတတ်ပညာများကို တွေ့ရှိ ဖော်ထုတ်ပြထားပါသည်။ ဝတ္ထုတိုသည်၊ တစ်ကိုယ်ရေခံစားချက်ကို ရေးဖွဲ့ထားလျှင်ပင်၊ ခေတ်ကို သုံးသပ်ခြင်း၊ လူမှုအဖွဲ့အစည်းကို ပြုပြင်လမ်းညွှန်ခြင်း၊ ဒိဋ္ဌလောကကို ထင်ဟပ်ခြင်း၊ အများကို ကိုယ်စားပြုခြင်းသဘောများ သက်ဝင်လာခြင်းကို ထူးခြားချက်အဖြစ် တွေ့ရပါသည်။ ဝတ္ထုတိုသည်၊ တစ်စုံတစ်ခုသော ခံစားမှုကို စိတ်ကူးဉာဏ်ကွန့်မြူး၍၊ ဘာသာစကားကို အသုံးပြုကာ ပြန်လည်ဖန်တီးထားသော ရသသဘောလွှမ်းမိုးသည့် အနုပညာပစ္စည်းဖြစ်သဖြင့်၊ "ဝတ္ထုတိုသဘောတရားနှင့် ဝတ္ထုတို အတတ်ပညာ"ကို လေ့လာတင်ပြသော ဤကျမ်းသည်၊ မြန်မာစာပေအတွက်လည်းကောင်း၊ မြန်မာ့ ယဉ်ကျေးမှုအတွက်လည်းကောင်း၊ မြန်မာလူမျိုးတို့၏စိတ်ဓာတ်၊ ကိုယ်ကျင့်တရားနှင့်အတွေးအမြင် တိုးတက်မြင့်မားရေးအတွက်လည်းကောင်း အကျိုးပြုပါသည်။